လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** November 2024

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ
# လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်** **နေပြည်တော်**

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အနေဖြင့် အခြားနိုင်ငံများကဲ့သို့ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရပြီး သဘာဝဘေးအန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေအများဆုံး စာရင်းထဲတွင် ပါဝင်နေပါကြောင်း၊ ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် ပတ်သက်ပြီး ရေဘေးသင့်ဒေသများ၏ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှုများ အပေါ်တွင် အမျိုးသားကော်မတီ အနေဖြင့် ချက်ချင်းလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဘေးသင့်ဒေသများအတွက် ငွေကျပ်ဘီလီယံကျော်က (၂၅)ဘီလီယံကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ မတည်ရန်ပုံငွေ၊ အလှူရှင်များ၏ ထည့်ဝင် လှူဒါန်းငွေများဖြင့် ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများကို အမြန်ဆုံးပြုပြင်၍ ပြန်လည်ဖွင့်လှစ်နိုင်အောင်ဆောင်ရွက်ခဲ့ရာ ရေဘေးဖြစ်ပွားပြီး (၁)လခန့်အတွင်း အခြေခံပညာကျောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အခြားသောစိုက်ပျိုးရေး၊မွေးမြူရေး

ကဏ္ဍများတွင် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ အဖွဲ့အစည်းများ၊ လုပ်ငန်းကော်မတီများ၊/ နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီး / ပြည်နယ်အစိုးရ အဖွဲ့များအနေဖြင့် လတ်တလော ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ပြည်ထောင်စုအဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကိုဆွေးနွေးတင်ပြကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒေါက်တာ စိုးဝင်းတို့က လတ်တလော ဖြစ်ပေါ်နေသည့် ရာသီဥတု အခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် အခြေအနေများ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ပါက ထိခိုက်မှုနည်းပါးစေရန် ဒေသအလိုက် အရေးပေါ် တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ကူညီ ကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရှိမှု များကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဒေသ အလိုက်၊ ကဏ္ဍအလိုက် အရေးပေါ်တုံ့ပြန်ရေး၊ ကူညီ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှု အခြေအနေ များကိုလည်းကောင်း၊ သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီ၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၊ ကနဦး လိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီ၊အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ နှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက် ရေးလုပ်ငန်း ကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြ ခဲ့ပါသည်။

ထို့နောက် တက်ရောက် လာကြသည့် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍ အလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီး / ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက Video Conference စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

## ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသောဒေသများအတွက် ရုရှား-မြန်မာ စီးပွားရေးကောင်စီ (Russian-Myanmar Business Council-RMBC) မှ လာရောက်လှူဒါန်း

ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ် ဖြစ်ပွား သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးဒဏ် ခံစား ရသော ဒေသများအတွက် ရုရှား-မြန်မာစီးပွားရေး ကောင်စီ (Russian-Myanmar Business Council-RMBC) မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ (၅,၀၀၀) ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော် နှင့် အသင်းဝင်များမှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့လာရောက်ပေးအပ်လှူဒါန်း

ခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ဒေါက်တာစိုးဝင်းကလက်ခံရယူခဲ့ပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ပါသည်။




၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ နေပြည်တော်

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr.Sajjad Mohammad Sajid အား လက်ခံတွေ့ဆုံ**



၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် နေပြည်တော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် လူမှုဝန်ထမ်း၊

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ညှော်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ တွေ့ဆုံစဉ် UNOCHA အဖွဲ့မှ မြန်မာနိုင်ငံအတွင်း ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဝေးလံခက်ခဲသော နေရာများရှိ အကူအညီ လိုအပ်သူများအား လူသားချင်းစာနာမှု အထောက်အပံ့များ ပေးအပ်နိုင်ရေးကိစ္စ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ၏ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူးများအဖွဲ့၏ မြန်မာနိုင်ငံ ခရီးစဉ် လာရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ခရီးစဉ်အတွင်း အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ၊ ဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် UNOCHA အဖွဲ့တို့အကြား သဘောတူညီမှုစာလွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊ UNOCHA ၏ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင် ဗီဇာ၊ ဗီဇာ သက်တမ်းတိုးခြင်းနှင့် ခရီးသွားလာခွင့်ကိစ္စရပ်များ အပေါ် ဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက် ပေးရန် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

## (၃၅) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကျင်းပ




**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်** **နေပြည်တော်**

(၃၅) နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်နေ့တွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စုပေါင်းအစည်း အဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနား၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာတစ်ဝှမ်းလုံးတွင်ရှိသော ကလေးသူငယ်များ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ဆောင်ရွက်ရန် အတွက် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ကျင်းပခဲ့သည့် (၄၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (The United Nations Convention on the Rights of the Child - UNCRC)

ကို အတည်ပြုပြဋ္ဌာန်းခဲ့သောနေ့အား ဂုဏ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက နိုဝင်ဘာလ (၂၀) ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့ (World Children's Day) ဟု သတ်မှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UNCRC ကို ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ(၁၅) ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပြီး ကမ္ဘာ့ကလေးများနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မတီအသီးသီးကို ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးငယ်များအားလုံး အကျိုးဝင်စေရေးအတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု၊ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကလေးသူငယ် အခွင့်အရေးမြှင့်တင်မှုတို့ကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာဂီမုန်တိုင်းကြောင့် ထိခိုက်ခံစားရသော ကလေးငယ်များအတွက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှု အဖွဲ့များ စေလွှတ်ပြီး Early Childhood Care and Development - ECCD Kit များ ဝေငှခြင်းနှင့် ကလေးပျော်နေရာများအား ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ "Listen to the Future" "အနာဂတ်သာယာကောင်းမွန်ရေး ကလေးများ အသံနားထောင်ပေး" ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ ကလေးသူငယ်များ၏ အသံနှင့်လိုအပ်ချက်များကို ဦးစားပေးခြင်းအားဖြင့် ကလေးသူငယ် အခွင့်အရေးများအား ကလေးများအားလုံး ရရှိခံစားနိုင်ရန်၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ အားလုံး ပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလှုံ့ဆော်ထားခြင်းဖြစ်ပါကြောင်း၊ကလေးသူငယ်များ၏မွေးရာပါ အခွင့်အရေးမဆုံးရှုံး စေရန်နှင့် ကလေးတိုင်း လက်လှမ်းမီတန်းတူ ညီတူရရှိနိုင်ရန် ကော်မတီအဖွဲ့ဝင်များ၊ လူမှုရေး အဖွဲ့ အစည်းများအပါအဝင် ကလေးမိဘများ၊ ကလေးများနှင့် ပြည်သူလူထုတစ်ရပ်လုံး သက်ဆိုင်ရာ ကဏ္ဍ အသီးသီးကနေ စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi အား လက်ခံတွေ့ဆုံ**



**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi ဦးဆောင်သော အဖွဲ့အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေး ထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ၊ UNHCR ၏ နိုင်ငံခြားသား ဝန်ထမ်းများ ပြည်တွင်းနေထိုင်ခွင့်၊ ပြည်ဝင်ခွင့်ဗီဇာနှင့် ပြည်တွင်းခရီးသွားလာခွင့်များအတွက် ဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးနေမှုများ၊ UNHCR မှ ရေဘေးသင့်ဒေသများတွင် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ခဲ့သည့်ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာန များနှင့် ကုမ္ပဏီများမှ လူသားချင်းစာနာထောက်ထားမှုအကူအညီများ လွှဲပြောင်းပေးအပ်




**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် နေပြည်တော်**

ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက်ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား အရပ်ဘက်ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ တိုက်ဖျက်ရေးဆိုင်ရာဝန်ကြီးဌာန၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ရုရှားနိုင်ငံ နျူကလီးယား စွမ်းအင်ကော်ပိုရေးရှင်း (Rosatom) နှင့် Aquarius ကုမ္ပဏီများ အုပ်စုတို့မှ လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ပေးပို့လှူဒါန်းခဲ့ရာ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် နေပြည်တော်လေဆိပ်**သို့** ရောက်ရှိခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov နှင့် ရုရှားနိုင်ငံမှ အလှူရှင်

အဖွဲ့အစည်းများ ကိုယ်စား တာဝန်ရှိသူတစ်ဦးတို့က လူသားချင်း စာနာထောက်ထားမှု အကူအညီပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစိုးကြည်က ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ကန်ကြီးထောင့်မူလတန်း ကြိုကျောင်း အဆောက်အဦ ပန္နက်တင်မင်္ဂလာအခမ်းအနား



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ကန်ကြီးထောင့် မူလတန်း ကြိုကျောင်း အဆောက်အဦ ပန္နက်တင် မင်္ဂလာ အခမ်းအနားကို (၂၂.၁၁.၂၀၂၄) ရက်နေ့ကအဆိုပါမူလတန်းကြိုကျောင်း အဆောက်အဦ ဆောက်လုပ်မည့် မြေနေရာတွင် ကျင်းပခဲ့ရာတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်၍ ပန္နက်တင်ပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန္နက်တင်မည့် သတ်မှတ်နေရာများတွင် နေရာယူပြီးနောက် မင်္ဂလာအချိန် ရောက်ရှိသည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဦးဆောင်ကာ ပန္နက်တင်ခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက်ရှင်းလင်းဆောင်တွင်ကန်ကြီးထောင့် မူလတန်းကြိုကျောင်း ဆောက်လုပ်မည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အဆောက်အဦဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆောက်အဦ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးမှာကြားခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ပြည်သူများ သဘာဝဘေးနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန် အချက်များအား အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်လျက်ရှိရာ (၄-၁၁-၂၀၂၄) ရက်နေ့တွင် မိုင်းဆတ် မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်၊ မိုးဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းယွန်းကျေးရွာအုပ်စု၊ ပိန်ခမ်းကျေးရွာရှိ ရွာသူ/သားများအားလည်းကောင်း၊ (၇-၁၁-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊

ဥတ္တရသီရိမြို့နယ်၊ အ.ထ.က တောင်ညိုအခြေခံပညာအထက် တန်းကျောင်း၌ ဌာနဆိုင်ရာများမှ အရာထမ်း/ အမှုထမ်းများ၊ ဆရာ/ ဆရာမများနှင့် ကျောင်းသား/ သူများအားလည်းကောင်း၊ (၁၃-၁၁-၂၀၂၄) ရက်နေ့တွင် ဥတ္တရ သီရိခရိုင်၊ တပ်ကုန်းမြို့ အ.လ.က (၁) တပ်ကုန်း၊ အခြေခံပညာ အလယ်တန်းကျောင်း၌ ဌာနဆိုင်ရာများမှ အရာထမ်း/ အမှုထမ်းများ၊ ဆရာ/ ဆရာမများနှင့် ကျောင်းသား/သူများအားလည်းကောင်း၊(၂၁-၁၁-၂၀၂၄) ရက်နေ့တွင် ဥတ္တရသီရိမြို့၊ (အ.ထ.က) ကျွဲရှင်းအခြေခံပညာ အထက်တန်းကျောင်း၌ ဌာနဆိုင်ရာများမှ အရာထမ်း/အမှုထမ်းများ၊ ဆရာ/ ဆရာမ များနှင့် ကျောင်းသား/သူများအား လည်းကောင်း၊ (၂၁-၁၁-၂၀၂၄) ရက်နေ့တွင် ပင်လောင်း မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်၊ ပင်လောင်း မြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အ.ထ.က (၁)ပင်လောင်း၌ ဆရာ/ ဆရာမများနှင့် ကျောင်းသား / သူများအားလည်းကောင်း အသိပညာပေး ဟောပြော ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ နိုင်ဝင်ဘာလအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှုပြုလုပ်ခြင်း

(၆-၁၁-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တောင်ညိုကျေးရွာအုပ်စု၊ တောင်ညိုကျေးရွာ (အ.ထ.က)၌ နေပြည်တော် ကောင်စီဝင်၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ/ ဆရာမများနှင့် ကျောင်းသား/သူများအား သဘာဝဘေး အန္တရာယ် ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကြိုတင်ကာကွယ် ရေးသဏ္ဍာန်တူ ဇာတ်တိုက် လေ့ကျင့်ခန်း ပြုလုပ် ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလအတွင်း မီးဘေးထောက်ပံ့မှု




ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သည် ဘေးဖြစ်ပွားခဲ့ကြောင့် ဘေးဒဏ်သင့် ပြည်သူ များအား ဆန်ရိက္ခာဖိုးကွာဖိုးထောက်ပံ့ငွေ၊ ပျက်စီး နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်း ဖိုးထောက်ပံ့ ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆) မျိုးတို့ကို ထောက်ပံ့ ပေးလျက်ရှိရာ (၂-၁၁-၂၀၂၄) ရက်နေ့တွင်မန္တလေးတိုင်း ဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင် ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးဒဏ်သင့် ပြည်သူများအား မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ

လည်းကောင်း၊ (၉-၁၁-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးဒဏ်သင့်ပြည်သူများအား ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လည်းကောင်း၊ (၁၄-၁၁-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ မှိုက်စုတောင်ရပ်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးဒဏ်သင့်ပြည်သူများအား မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ လည်းကောင်း၊ (၁၄-၁၁-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ပဲခူးခရိုင်၊ ကဝမြို့နယ်၊ ဇင်ရွှေးကုန်းကျေးရွာအုပ်စု၊ လက်ပံကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးဒဏ်သင့် ပြည်သူများအား ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ လည်းကောင်း သွားရောက်ထောက်ပံ့ ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလအတွင်း ရေဘေးထောက်ပံ့မှု



(၂-၁၁-၂၀၂၄) ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ရေဘေးရှောင် အိမ်ထောင်စု (၇၀၈) စုမှ ဘေးသင့်လူဦးရေ (၂၃၆၇) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၄,၉၇၀,၇၀၀/-) အားလည်းကောင်း၊ လွိုင်ကော်မြို့နယ် အတွင်းရှိ ရေဘေးရှောင် အိမ်ထောင်စု (၂၅၅) စုမှ ဘေးသင့်လူဦးရေ (၇၄၆) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁,၅၆၆,၆၀၀/-)အားလည်းကောင်း၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ထပ်တိုးရေဘေး ရှောင်အိမ်ထောင်စု (၃၃၆)စုမှ ဘေးသင့်လူဦးရေ (၁၀၃၅)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၃၄၇,၀၀၀/-)အားလည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း ယာယီ ကယ်ဆယ်ရေးစခန်း (၃)ခုရှိ ရေဘေးသင့် ပြည်သူများအတွက် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ပြည်တွင်း အလှူရှင်များမှပေးပို့ လှူဒါန်းသည့် အလှူပစ္စည်း(၂၆၅)မျိုးအား ကယားပြည်နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလအတွင်း လေဘေးထောက်ပံ့မှု

(၂-၁၁-၂၀၂၄) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ ကံသာရပ်ကွက်နှင့် ရွာသာအုပ်စုမှ ကျေးရွာ(၅)ရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘေးသင့်ပြည်သူများအား ရှမ်းပြည်နယ် ဦးစီးမှူးရုံးမှ လည်းကောင်း၊ (၂-၁၁-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ အုန်းပင်ကျေးရွာအုပ်စု၊ ဒိုးပင်သောင်ကျေးရွာ၌လေပြင်းတိုက်ခတ်မှုကြောင့် ဘေးသင့်ပြည်သူများအား တောင်ငူခရိုင်ဦးစီးမှူး ရုံးမှလည်းကောင်း၊ (၂-၁၁-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ မိုးညို မြို့နယ်၊ ဘုရားငူကျေးရွာအုပ်စု၊ လဖျော်ပင်ကျေးရွာ၌ လေပြင်း



တိုက်ခတ်မှုကြောင့် ဘေးသင့် ပြည်သူများအား မိုးညိုမြို့နယ်ဦးစီးမှူးရုံးမှ လည်းကောင်း၊ (၃-၁၁-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအုပ်စု၊ပျဉ်းမကုန်းကျေးရွာနှင့်ချောင်းနက်ကျေးရွာတို့၌လေပြင်းတိုက်ခတ်

မှုကြောင့် ဘေးသင့် ပြည်သူများအား မင်းလှမြို့နယ် ဦးစီးမှူးရုံးမှ လည်းကောင်း၊ (၆-၁၁-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည် မြို့နယ်၊ ညောင်ကပွင်ကျေးရွာအုပ်စု၊ ကုန်းကလေး ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် (၆-၁၁-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်း ဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ ညောင်ကပွင် ကျေးရွာအုပ်စု၊ ကုန်းကလေး ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘေးသင့်ပြည်သူများအား ပေါင်းတည်ခရိုင်ဦးစီးမှူး ရုံးမှလည်းကောင်း ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ၊ ပျက်စီး နေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကိုသွားရောက် ထောက်ပံ့ခဲ့ ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလအတွင်းတောဆင်ရိုင်းဘေးထောက်ပံ့မှု



(၁၉-၁၁-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ လိမ္မော်ခြံ ကျေးရွာအုပ်စု၊ ညောင်လေးပင်ကျေးရွာ၌တောဆင်ရိုင်း ဝင်ရောက်ဖျက်ဆီးမှုကြောင့် သေဆုံးသူ(၁)ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)ကို ရန်ကုန် တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလအတွင်း ထူးခြားဖြစ်စဉ်ထောက်ပံ့မှု

(၃-၁၁-၂၀၂၄) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်အတွင်း တိုက်ပွဲ ဖြစ်ပွားမှုများကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တပ်နယ်အသီးသီးသို့ တိမ်းရှောင်ရောက်ရှိလာသည့် အိမ်ထောင်စု (၅) အုပ်စု မှ ဘေးသင့်လူဦးရေ (၁၂) ဦးအတွက် ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုး ပါ(၅)ပုံးတို့ကို ဂန့်ဂေါခရိုင်ဦးစီးမှူးရုံး မှ လည်းကာင်း၊ (၂၁-၁၁-၂၀၂၄) ရက်နေ့တွင် မကွေး တိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ဆင်းမရဲ ကျေးရွာမှ စစ်ဘေးတိမ်းရှောင် ရောက်ရှိလာသည့် အိမ်ထောင်စု(၃၅)အုပ်စုမှ ဘေးသင့်လူဦးရေ (၁၀၅)ဦး အတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂,၂၀၅,၀၀၀/-) ကို ပခုက္ကူခရိုင် ဦးစီးမှူးရုံးမှ လည်းကောင်း ဌာနဆိုင်ရာ များနှင့်ပူးပေါင်း၍ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ထိုင်းနိုင်ငံတွင် လူကုန်ကူးခံရသော မြန်မာနိုင်ငံသား အမျိုးသား(၂)ဦး၊ အမျိုးသားကလေး(၁၀)ဦး၊ စုစုပေါင်း (၁၂)ဦးတို့အား လွှဲပြောင်းလက်ခံ

မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုး တိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီး ဌာနတို့၏

ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံဂေဟာများတွင် လက်ခံ စောင့်ရှောက်ထားသော မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများအနက် မြန်မာနိုင်ငံတွင် နိုင်ငံသား စိစစ်မှုရရှိပြီး ထိုင်းနိုင်ငံတွင် တရားရုံးသက်သေ ထွက်ဆိုပြီးသည့် Chiang Rai ဂေဟာမှ လူကုန်ကူး ခံရသူ အမျိုးသားကလေး(၉)ဦး အား တာချီလိတ်-မယ်ဆိုင် လမ်းကြောင်းမှလည်းကောင်း၊ Pathumthani ဂေဟာမှအမျိုးသား(၂)ဦး နှင့် အမျိုးသား ကလေး(၁)ဦး တို့အား မြဝတီ-မဲဆောက်လမ်းကြောင်းမှလည်းကောင်း (၁၃.၁၁.၂၀၂၄) ရက်နေ့တွင် လွှဲပြောင်းလက်ခံ ခဲ့ပါသည်။



ယင်းသို့ ပြန်လည် လွှဲပြောင်းပေးရာတွင် တာချီလိတ်-မယ်ဆိုင် လမ်းကြောင်းမှ လွှဲပြောင်းလက်ခံ ခဲ့သည့် အမျိုးသားကလေး(၉)ဦးတို့အားတာချီလိတ်မြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊အစည်းအဝေး ခန်းမ၌ တာချီလိတ်ခရိုင်လူမှုဝန်ထမ်းရုံး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့မှ တာဝန် ရှိသူများ ပူးပေါင်း၍ လွှဲပြောင်းလက်ခံခဲ့ပြီးနောက် ယင်း နေ့တွင်ပင် ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည် လွှဲပြောင်းအပ်နှံခဲ့ပါသည်။ မြဝတီ-မဲဆောက် လမ်းကြောင်းမှ ပြန်လည် လွှဲပြောင်းလက်ခံခဲ့သည့် အမျိုးသား(၂)ဦးနှင့် အမျိုးသား ကလေး(၁) ဦးတို့အား ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ တပ်(ခ်)ခရိုင်၊ လူဝင်မှု ကြီးကြပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ပြန်လည် ထူထောင်ရေး ဦးစီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများပူးပေါင်း၍ ပြန်လည်လွှဲပြောင်းလက်ခံခဲ့ပြီးနောက် ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာ၊ မြဝတီမြို့သို့ ပို့ဆောင် ခဲ့ပါသည်။



၎င်းတို့(၃)ဦးအား (၁၃.၁၁.၂၀၂၄) ရက်နေ့မှ (၁၅.၁၁.၂၀၂၄)ရက်နေ့အထိယာယီလက်ခံစောင့်ရှောက် ခဲ့ပြီး၊ ယာယီလက်ခံ စောင့်ရှောက်စဉ်ကာလအတွင်း အခြေခံလိုအပ်ချက်များဖြည့်ဆည်းခြင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(မြဝတီ)မှ လိုအပ် သည့် စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်ခြင်းနှင့် မိဘ နေရပ်သို့ ပြန်လည်စေလွှတ်နိုင်ရေးအတွက် လိုအပ် သည်များ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ခြင်း တို့ကို ဆောင်ရွက်ပေးခဲ့ပြီးနောက် ၎င်းတို့ (၃)ဦး အနက် အမျိုးသားကလေး(၁)ဦးအား (၁၅.၁၁.၂၀၂၄) ရက်နေ့ တွင်၎င်း၏မိဘများထံသို့လည်းကောင်း၊ကျန်အမျိုးသား (၂)ဦးအား မော်လမြိုင်မြို့တွင် ညအိပ်ရပ်နားရန် စီစဉ် ပေးခဲ့ပြီးနောက် (၁၆.၁၁.၂၀၂၄)ရက်နေ့တွင် ၎င်းတို့၏ နေရပ်သို့ ပြန်လည်ပို့ ဆောင်စေလွှတ်ပေးခဲ့ပါသည်။



မူးယစ်/ပြန်လည်ထူထောင်ရေး စခန်း

ပြည်တွင်းနေရပ်စွန့်ခွာသူများ ဆိုင်ရာကိစ္စရပ်များ

ထိခိုက်လွယ်အုပ်စုများ ပြန်လည် ထူထောင်ရေး

မူးယစ်ပြန်လည်ထူထောင်ရေး လုပ်ငန်း

လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)၌ စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



၁၈-၁၁-၂၀၂၄ ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)၌ ကျင်းပခဲ့ရာ ခရိုင်လူမှုဝန်ထမ်းရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း ဥက္ကဋ္ဌ၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုဥက္ကဋ္ဌ ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား/သူများ စုစုပေါင်း (၈၀)ဦးခန့် တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားအား နံနက်(၁၁း၀၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)၌ စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)



၂၂-၁၁-၂၀၂၄ ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် မူးယစ်ဆေးဖြတ်ပြီး သူများပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)၌ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်လူမှုဝန်ထမ်းရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြင့်က သင်တန်းဆင်းအမှာ စကား ပြောကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊မွေးမြူရေးဦးစီးဌာန၊ (အ.ထ.က) ဝက်ထီးကန် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟို၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား/သူများ စုစုပေါင်း(၈၅)ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားအား နံနက် (၁၁း၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီး အဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက် နေပြည်တော်**

အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသော ပဉ္စမအကြိမ် မြောက် အာဆီယံအမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ ($5^{th}$ ASEAN Ministerial Meeting on Women – $5^{th}$ AMMW and Related Meetings) ကို Hybird စနစ်ဖြင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့မှ (၂၉) ရက်နေ့အထိ နေပြည်တော် M Gallery ဟိုတယ်၌ ကျင်းပပြုလုပ် ခဲ့ပါသည်။

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ နိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့် မိန့်ခွန်းပြောကြားရာ ပဉ္စမအကြိမ်မြောက် အာဆီယံ အမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေး၏ ဆောင်ပုဒ် ဖြစ်သော **"Towards an Inclusive Society through Gender Mainstreaming and Women Empowerment"** အရ ကျား-မခွဲခြားမှုမရှိဘဲ လူသားတိုင်း တန်းတူညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရန်နှင့်ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းများရှိသော လူ့အဖွဲ့အစည်း တစ်ခု တည်ဆောက်နိုင်ရန် ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်(၅)သည် အမျိုးသမီးနှင့် မိန်းကလေးများအပေါ် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုနှင့် အန္တရာယ်ရှိသော အလေ့အထများ အားလုံးကို ပပျောက်စေရေးအတွက် လမ်းညွှန် ပေးသော ရည်မှန်းချက်များနှင့် အညွှန်းကိန်းများ ပါဝင် နေသဖြင့် မိမိတို့ ရည်မှန်းချက်ပန်းတိုင်၏ အဓိက အချက် ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ သည် ငြိမ်းချမ်းပြီး အားလုံး ပါဝင်နိုင်သော၊ ရေရှည် တည်တံ့ခိုင်မြဲသည့် ဒေသ တစ်ခုဆီသို့ ဦးတည်သည့် လမ်းကြောင်းကို ရေးဆွဲ ထားပြီး ကျား-မ တန်းတူ ညီမျှရေးကို ရည်မှန်းချက်များ၏ အခြေခံအဖြစ် ထားရှိ သည်ကို တွေ့ရပါကြောင်း၊ အမျိုးသမီးများကို စွမ်းဆောင် ရည်မြှင့်တင်ပေးခြင်းသည် ကျင့်ဝတ်ဆိုင်ရာ တာဝန်

ဝတ္တရားတစ်ခုသာမက တည်ငြိမ်၍ သာယာဝပြောပြီး စည်းလုံးညီညွတ်သော အာဆီယံကို တည်ဆောက်ရန်အတွက် မဟာဗျူဟာ ကျသော အရေးပါမှု တစ်ခုလည်းဖြစ်ပါကြောင်း၊ အာဆီယံ အမျိုးသမီးကော်မတီ (ACW) နှင့် အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် (ACWC) တို့သည် ကျား-မ တန်းတူညီမျှရေးနှင့် အမျိုး သမီးအခွင့်အရေးများကို အထောက်အကူပြုသော လုပ်ငန်းစဉ်များကို မောင်းနှင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ၎င်းတို့၏ လုပ်ငန်းစီမံချက်များနှင့် ဆောင်ရွက်ချက်များသည် မိမိတို့ဒေသတွင် သိသာထင်ရှားသော တိုးတက်မှုအတွက် အခြေခံ အုတ်မြစ်ကို ချမှတ်ပေးနိုင်ခဲ့ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ (၂၉.၁၁.၂၀၂၄) ရက်နေ့တွင် ကျင်းပသည့် 5th ASEAN Ministerial Meeting on Women – 5th AMMW တွင် အလှည့်ကျ ဥက္ကဋ္ဌဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ အာဆီယံဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် ဦးစံလွင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာ သက်သက်ဇင်၊လူမှုဝန်ထမ်းဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးနှင့် အစည်းအဝေးသို့ ဖိတ်ကြားထားသောဧည့်သည်တော် များက in person ဖြင့် တက်ရောက်ခဲ့ကြပြီး အာဆီယံ နိုင်ငံများမှ အမျိုးသမီးရေးရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ အမျိုးသမီး ကော်မတီ (ACW) အဖွဲ့ဝင်များက online ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ သည် မိမိတို့၏ ဒေသကို ငြိမ်းချမ်းပြီး အားလုံးပါဝင်နိုင်သော၊ ရေရှည် တည်တံ့ခိုင်မြဲသည့် ဒေသတစ်ခု ဖြစ်စေရန်အတွက် ကျား-မ တန်းတူညီမျှရေးကို မျှော်မှန်းချက်များ၏ အခြေခံအဖြစ် ထားရှိထားပါကြောင်း၊ ပဉ္စမအကြိမ် မြောက် အာဆီယံ အမျိုးသမီး ရေးရာဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Women) ၏ ပူးတွဲကြေညာချက်သည် သက်ဆိုင်ရာ အာဆီယံနိုင်ငံများတွင် ကျား၊ မရေးရာကိစ္စရပ်များကို ဖြေရှင်းရာ၌ ပူးပေါင်းဆောင်ရွက်မှုနှင့် ကတိကဝတ်များ အတွက် အရေးပါသော မူဘောင်တစ်ခုအဖြစ် အသုံးပြုသွားမည် ဖြစ်ပါကြောင်းနှင့် ယခုအစည်းအဝေး၏ ဆွေးနွေးချက်များသည် အာဆီယံ တစ်ဝှမ်းရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် အကျိုးရှိ သောရလဒ်များ ဖြစ်ထွန်းစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ကိုယ်စား အာဆီယံ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးစံလွင်နှင့် စတုတ္ထအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်း အဝေး ဥက္ကဋ္ဌ တာဝန်ယူခဲ့သည့် အင်ဒိုနီးရှားနိုင်ငံမှ AMMW Minister ကိုယ်စား Senior Advisor to Minister တို့က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

၎င်းနောက် အာဆီယံ အမျိုးသမီးရေးရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံအလိုက် “ကျား၊ မ ရေးရာထည့်သွင်း စဉ်းစားခြင်း နှင့် အမျိုးသမီးများအား စွမ်းဆောင်ရည် မြှင့်တင်ခြင်း ဖြင့် အားလုံးအကျုံးဝင်သည့် လူ့အဖွဲ့အစည်းဆီသို့” ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းခဲ့ကြပါသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Women) ကို အလှည့်ကျနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် ၂၀၂၇ ခုနှစ်၊ အောက်တိုဘာလ၌ ကျင်းပမည်ဖြစ်ကြောင်း သဘောတူခဲ့ကြပါသည်။

၎င်းနောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Women) သဘာပတိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပါသည်။